





# လေကြောင်းတိုက်ခိုက်မှုများ

၂၀၂၄ ခုနှစ် နိုဝင်ဘာလ တွင် ရှမ်းပြည်မြောက်ပိုင်း၊ ကချင်ပြည်နယ် နှင့် ကရင်နီပြည်နယ်
တို့တွင် စစ်ကောင်စီ ကျူးလွန်ခဲ့သော လေကြောင်းတိုက်ခိုက်မှုများ

https://ndburma.org



# နိဒါန်း

ဤအကျဉ်းချုပ်စာတမ်းမှာ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် မြန်မာနိုင်ငံ (ND–Burma) က ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်နီပြည်နယ်တို့တွင် စစ်ကောင်စီမှ အပြစ်မဲ့ပြည်သူများကို ပစ်မှတ်ထား၍ ကျူးလွန်သော လေကြောင်းတိုက်ခိုက်မှုများ၏ သက်ရောက်မှုများအား လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် မြန်မာနိုင်ငံ (ND–Burma) ၏ ဆန်းစစ်သုံးသပ်ထားခြင်းဖြစ်သည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် မြန်မာနိုင်ငံ (ND–Burma) ၏ အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကောက်ခံရရှိသော အချက်အလက်များနှင့် အွန်လိုင်းမှ ရှာဖွေတွေ့ရှိသော သတင်းအချက်အလက်များကို စုပေါင်း၍ ပြုစုထားသော စာတမ်းဖြစ်သည်။ ထိုတွေ့ရှိချက်များအရ နိုဝင်ဘာလအတွင်းတွင် အထက်ဖော်ပြပါ ဒေသ (၃) ခုကို စစ်အာဏာရှင်မှ လေကြောင်းတိုက်ခိုက်မှု (၂၅) ကြိမ် ပြုလုပ်ခဲ့ပါသည်။ ထိုတိုက်ခိုက်မှုများကြောင့် အရွယ်ရောက်ပြီးသူ (၂၅) ဦး နှင့် ကလေး (၁၀) ဦး သေဆုံးခဲ့ပြီး လူကြီး (၂၃) ဦး နှင့် ကလေး (၅၁) ဦး စုစုပေါင်း (၇၄) ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် ဤလေကြောင်းတိုက်ခိုက်မှုကြောင့် ခရစ်ယာန်ဘာသာရေး ဘုရားကျောင်း (၁) ကျောင်း၊ ဘုန်းကြီးကျောင်း (၁)ကျောင်း အပါအဝင် ဆေးရုံ၊ လက်ဖက်ရည်ဆိုင်၊ ရုံးဌာန အဆောက်အဦး (၅)လုံး နှင့် ကား (၆) စီး စုစုပေါင်း အဆောက်အအုံ (၇၇) လုံး ပျက်စီး ဆုံးရှုံးခဲ့ပါသည်။

ND–Burma အဖွဲ့ဝင် အဖွဲ့အစည်းများဖြစ်သော ပအိုဝ်းလူငယ်အဖွဲ့ (PYO)၊ ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ (KWAT)နှင့် တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့ (TSYU) တို့ အပါအဝင် မြန်မာနိုင်ငံရှိဒေသအနှံ့တွင် ကွင်းဆင်းဆောင်ရွက်နေသည့် အဖွဲ့ဝင်များရှိပါသည်။ တင်ပြထားသော အမှုပေါင်း (၂၅) မှုအနက်တွင် (၁၄) မှုကို ND–Burma ၏အဖွဲ့အစည်းများမှ မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပါသည်။ အဖွဲ့ဝင်များ၏ မှတ်တမ်းတင် ကြိုးပမ်းချက်များသည် စစ်အာဏာရှင်တို့ ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ယူ တာဝန်ခံမှုရှိစေရန်အတွက် သက်သေများကို စုဆောင်းရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဆက်လက်လုပ်ဆောင် လျက်ရှိသော မှတ်တမ်းတင်ပြုစုနိုင်ရန် ကြိုးပမ်းမှုများသည် စစ်အာဏာရှင်တို့အား ၎င်းတို့၏ ရာဇဝတ်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန် အတွက် လိုအပ်သော နောက်ထပ် သက်သေအထောက်အထားများကို အဓိက စုဆောင်းနေခြင်း ဖြစ်ပါသည်။

လေကြောင်းတိုက်ခိုက်မှုများ များပြားလာခြင်းကြောင့် ပစ်မှတ်ထားတိုက်ခိုက် ခံရသောနေရာများ အတွက် စစ်ရှောင်နေရာများတွင် လုံလောက်သော နေရာထိုင်ခင်းနှင့် အမိုးအကာများ၊ အစားအစာနှင့် ဆေးဝါး အထောက်အပံ့များ မရရှိခြင်းအပါအဝင် ရေရှည်စိန်ခေါ်မှုများစွာကို ဖြစ်ပေါ်စေခဲ့သည်။ စစ်အာဏာရှင်တပ်၏ စဉ်ဆက်မပြတ် ကြားဖြတ်တိုက်ခိုက်ခြင်း နှင့်ပိုမိုဆိုးရွားလာသော ထိုးစစ်များကြောင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းနှင့် ထိုအကူအညီများကို ဘေးကင်းလုံခြုံစွာ ပေးအပ်နိုင် ရေးများအတွက် အတားအဆီးများဖြစ်ပေါ်လျက်ရှိသည်။

စစ်အာဏာရှင် စစ်ကောင်စီ ၏ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများနှင့် မြေပြင်ထိုးစစ်ဆင် တိုက်ခိုက်မှု များကိုခံစားနေရသော ပြည်သူများအတွက် လိုအပ်နေသောအရေးပေါ် အကူအညီများကို စစ်အာဏာရှင်တပ် မှ ရည်ရွယ်ချက်ရှိရှိ ပိတ်ပင်လျက်ရှိသည်။ ပြည်သူအများစုအပေါ် အဓိကထား တိုက်ခိုက် နေသော တိုက်ခိုက် မှုများ အထူးသဖြင့် လေကြောင်းမှ တိုက်ခိုက်မှုများအတွက် တာဝန်ရှိသူမှာ စစ်ကောင်စီသာ ဖြစ်ပါသည်။

လေကြောင်းတိုက်ခိုက်မှုများသည် ညသန်းခေါင်ယံ အချိန်နှင့် မနက်အစောပိုင်း အချိန်များတွင် မကြာ ခဏ တိုက်ခိုက်လေ့ရှိသည်။ ထိုတိုက်ခိုက်မှုကို သတိပေးရန် (သို့မဟုတ်) ဘေးကင်းသော နေရာသို့ ရှောင်ရှား ရန်အတွက် အချိန်အနည်းငယ်မျှသာ ရပါသည်။ စစ်အာဏာရှင်သည် ယာယီတဲများ၊ စစ်ရှောင်စခန်းများ၊ နေအိမ်များ၊ ရွာများ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ နှင့် ဆေးခန်းများတွင် ရွှေ့ပြောင်း နေထိုင်သူများကို ပစ်မှတ်ထား အကြမ်း ဖက်တိုက်ခိုက်မှုများပြုလုပ်လျက်ရှိပါသည်။ အသက်ရှင်ကျန်ရစ် သူများသည်လည်း ၎င်းတို့အပေါ် မဆင်မခြင် ပစ်မှတ်ထားသော တိုက်ခိုက်မှုများနှင့် မသေချာ မရေရာမှုများ ကို ခံစားခဲ့ရသောကြောင့် နောက်ဆက်တွဲ စိုးရိမ်ပူပန်မှုများ နှင့် စိတ်ဒဏ်ရာများစွာ ခံစားနေရကြောင်းကို လည်း ဖော်ပြခဲ့ကြသည်။

စစ်အာဏာရှင်၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ကျေးရွာနေပြည်သူများ၏ အသက်မွေးဝမ်း ကြောင်းများ အားလုံးကို အဖက်ဆယ်မရအောင်ဖျက်ဆီးခဲ့ပါသည်။ စစ်အာဏာရှင်တပ် သည် သူတို့တိုက်ခိုက် မှုများ အပြီးတွင်လည်း  အစားအသောက်များ၊ ကျွဲ၊ နွား စသည့် ခြံမွေး တိရစ္ဆာန်များ နှင့် ပစ္စည်းဥစ္စာများ ကို ပါ မကြာခဏ ဝင်ရောက် သိမ်းဆည်းခြင်း များလည်းရှိနေပါသည်။ ပြည်သူများ၏ လက်ရှိကြုံတွေ့ခံစားနေ ရသော ဆင်းရဲဒုက္ခများသည် နိုင်ငံတကာအသိုက်အဝန်း၏ ညှိနှိုင်းဆောင်ရွက်မှုများ နှင့် အရေးပေါ်တုံ့ပြန်မှု များ မရှိခြင်းကြောင့် ပိုမိုဆိုးရွားပြင်းထန်လာပါသည်။



# နောက်ခံအကြောင်းအချင်းအရာ

နှေးကွေးသော်လည်း တည်ငြိမ်သော ဒီမိုကရေစီ အရပ်သားအစိုးရစနစ်သို့ ဆယ်နှစ်ကြာ အသွင်ကူးပြောင်း ပြီးနောက် မြန်မာ့စစ်တပ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ နံနက်အစောပိုင်းတွင် အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်။ ၎င်းတို့၏ လုပ်ရပ်များကြောင့် နိုင်ငံရေးခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများကို ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်းများအပြင်၊ လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်စဉ်များသည်လည်း လျင်မြန်စွာ အခြေအနေ ဆိုးရွားလာပြီး နိုင်ငံတဝှမ်းတွင် စစ်အာဏာရှင်၏ ကြမ်းဖန်များစွာ အဆင်မခြင်တိုက်ခိုက် မှုများကြောင့် ၎င်းတို့၏ ရွာများမှ အတင်းအကြပ် ထွက်ပြေးတိမ်းရှောင်နေရသော ပြည်တွင်းနေရပ်စွန့်ခွာသူများ (IDPs) အရေအတွက်သည် မခန့်မှန်းနိုင်သည်အထိ မြင့်တက်လာပါသည်။

၂၀၂၁ ခုနှစ် အာဏာမသိမ်းခင်တွင် မြန်မာနိုင်ငံတွင် စစ်ရှောင်ပြည်သူ ခန့်မှန်းခြေအားဖြင့် ၃၃၀,၀၀၀ ခန့်ရှိပါသည်။ ယခု အချိန်တွင် စစ်ရှောင်ပြည်သူ အရေအတွက်သည် ၃ သန်းကျော် အထိ တစ်ဟုန်ထိုး မြင့်တက်လာခဲ့ပြီး၊ ၎င်းတို့အနက် ၄၀ ရာခိုင်နှုန်း မှာ ကလေးသူငယ်များ ဖြစ်ကြပါသည်။ အာဏာသိမ်း စစ်ကောင်စီ၏ မဆင်မခြင်ပစ်မှတ်ထား၍ လက်နက်ကြီး ဖြင့် ပစ်ခတ်ခြင်းများကြောင့်လည်းကောင်း လေကြောင်းတိုက်ခိုက်မှုများ ကြောင့်လည်းကောင်း ပြည်သူများသည် ဆိုးရွားပြင်းထန်သော အကြမ်းဖက်မှုများ၏ ဒဏ်ကို အဆမတန်ခံစားနေကြရပါသည်။

ကောင်းကင်တွင် တပ်ဖြန့်ထားသော လေယာဉ်သံများကြားရသောပြည်သူများအတွက် ဘေးကင်းလုံခြုံ အသက်ရှင်ကျန်ရစ်ရန် အတွက် အာမခံချက်မရှိပါ။ ပဋိပက္ခဒဏ်ခံရသော အုပ်စုများတွင် ထိလွယ်ရှလွယ်သော အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများသည် ဤလေကြောင်းဗုံးကြဲတိုက်ခိုက်မှုများအတွင်း အကာအကွယ်မဲ့ ကျန်ရစ်ကြရသည်။ ထိုကဲ့သို့သော ရက်တရက်တိုက်ခိုက်မှုများ ကြုံတွေ့ခဲ့ရအပြီးတွင် အသက်ရှင်ကျန်ရစ်သူများသည် စိတ်ဒဏ်ရာများဖြင့်သာ ရှင်သန်ကျန်ရစ်ခဲ့ရပါသည်။

၂၀၂၄ ခုနှစ် ပထမ (၄) လအတွင်း လေကြောင်းတိုက်ခိုက်မှုများကြောင့် ကလေး (၆၁) ဦးအပါအဝင် အရပ်သား (၃၅၉) ဦး သေဆုံးခဲ့ပြီး (၇၅၆) ဦး ဒဏ်ရာရရှိခဲ့သည်။ လေကြောင်းတိုက်ခိုက်မှု များကြောင့် မြန်မာနိုင်ငံနယ်စပ်နေရာများ နှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ ထိန်းချုပ်ထားသော နယ်မြေအသီးသီးရှိ ယာယီတဲများနှင့် စခန်းများတွင် နေထိုင်သည့် စစ်ဘေးရှောင်များနှင့် စစ်ဘေးသင့် ဒုက္ခသည် အရေအတွက် သိသိသာသာ တိုးလာခဲ့သည်။

စစ်အာဏာရှင်၏ တိုက်ခိုက်မှုများ အရှိန်အဟုန်နှင့် မြင့်တက်လာခြင်းသည် ၎င်းတို့ စစ်ရေးအရ ရှုံးနိမ့်လာမှုအပေါ်တွင် ပြန်လည်ထိန်းချုပ်ထားနိုင်ရန် ကြိုးပမ်းခြင်းသာ ဖြစ်သည်။

စစ်အာဏာရှင်သည်၎င်းတို့၏ စစ်သားများ၊ မြို့နယ်များ၊ ကင်းစခန်းများနှင့် စခန်းများ ရာနှင့်ချီ ဆုံးရှုံးသွားသည်နှင့်အမျှ အရပ်သားများကို ရက်စက်သော ရည်ရွယ်ချက်ဖြင့် ပြင်းထန်စွာ လက်တုံ့ပြန်လျက် ရှိသည်။

စစ်အာဏာရှင်သည် လက်နက်ကိုင် တော်လှန်ရေး အဖွဲ့များကို ပစ်မှတ်ထားရုံသာ မဟုတ်ဘဲ၊ ဆေးရုံတွေ၊ ဘာသာရေး အဆောက်အအုံတွေနဲ့ ကျောင်းတွေကို ပြင်းပြင်းထန်ထန် ဖျက်ဆီးနေတယ်ဆိုတာကို အကြိမ်ဖန်များစွာ ပြောရန်လိုအပ်ပါသည်။ လွတ်လပ်သော သုတေသနအဖွဲ့ဖြစ်သည့် Nyan Lynn Thit Analytica သည် အာဏာသိမ်းပြီးချိန်မှစ၍ အဆိုပါ အခြေခံအဆောက်အအုံ အမျိုးအစားများအပေါ် လေကြောင်းတိုက် ခိုက်မှုပေါင်း (၄၅၀) နီးပါးကို ပြုလုပ်ခဲ့ကြောင်းမှတ်တမ်းတင်ထားနိုင်ခဲ့ပါသည်။ နိုင်ငံတစ်ဝှမ်းတွင် လေကြောင်း တိုက်ခိုက်မှု (၃,၂၉၀) ကျော် ပြုလုပ်ခဲ့ပြီး လူပေါင်း (၁၇၀၀) ထက်မနည်း သေဆုံးခဲ့ကြောင်းလည်း ၎င်းတို့က ထုတ်ပြန်ခဲ့သည်။ အခြားဒေသခံလူ့အခွင့်အရေးအဖွဲ့အစည်းများကလည်း အလားတူ တွေ့ရှိချက်များကို အစီရင်ခံတင်ပြခဲ့ကြပါသည်။

ဖျက်ဆီးမှုများသည် စစ်အာဏာရှင်တပ်၏ မြေလှန်အမြစ်ဖြတ်သုတ်သင်ရေး မူဝါဒများနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ လူမျိုးစုဒေသများရှိ စစ်ပွဲဇုန်များတွင် ဆယ်စုနှစ်များစွာကြာ စစ်ပွဲဖြစ်ပွားရာ နယ်မြေများတွင် အသုံးပြုခဲ့သည့် နာမည်ဆိုးဖြင့်ကျော်ကြားသော “ဖြတ်လေးဖြတ်” အယူဝါဒကို ယခုအခါ ပြည်သူ့ကာကွယ် ရေးတပ်ဖွဲ့ (PDFs) များနှင့် တိုက်ပွဲဖြစ်ပွားလျက်ရှိသော မြို့ပြဒေသများ နှင့် (EROs) များကဲ့သို့သော ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများဖြင့် တိုက်ခိုက်နေသော နေရာဒေသအများအပြားတွင်လည်း ကျင့်သုံးလျက်ရှိသည်။ ဖြတ်လေးဖြတ်သည် ရိက္ခာ၊ ရန်ပုံငွေ၊ သတင်းအချက်အလက်နှင့် ပြန်လည်ခုခံနိုင်မှုအတွက် လူသစ်စုဆောင်းမှုများကို ဖြတ်တောက်ရန် ရေးဆွဲထားခြင်း ဖြစ်ပါသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ (၂၇) ရက်နေ့တွင် ဖြစ်ပွားခဲ့သော ရှမ်းပြည်မြောက်ပိုင်းရှိ ညီနောင်မဟာမိတ် သုံးဖော် (3BA) မှ ဆက်လက်ထိုးစစ်ဆင်နေသည့် ၁၀၂၇ စစ်ဆင်ရေး၏ အကျိုးသက်ရောက်မှုများသည် လက်နက်ကိုင် တော်လှန်ရေးလှုပ်ရှားမှုအတွက် သမိုင်းဝင် အကျိုးသက်ရောက်မှုများ ရရှိစေခဲ့သည်။ သို့သော်လည်း ယင်းနေရာများတွင် နေထိုင်သော ပြည်သူများကိုတော့ မြေစာပင် ဖြစ်စေခဲ့ပါသည်။

ရက္ခိုင့်တပ်မတော် (AA) ၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) တို့ ပါဝင်သော ညီနောင်သုံးဖော် မဟာမိတ်အဖွဲ့မှ ရှမ်းပြည်မြောက်ပိုင်းတွင် စစ်အာဏာရှင်တပ်များကို ဆန့်ကျင်တိုက်ခိုက်မှုများတွင် ဒါဇင်နှင့်ချီသော မြို့များနှင့် ဗျူဟာကင်းစခန်းများ ကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်။

စစ်အာဏာရှင်သည် အရှက်တကွဲရှုံးနိမ့်ခဲ့ရသည်။ လက်နက်ခဲယမ်းများကို သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏စစ်အရာရှိများကိုလည်း ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ထို စစ်ဆင်ရေး၏ အောင်မြင်မှုသည် စနစ်တကျဖွဲ့စည်းပုံနှင့် ဗျူဟာမြောက်ညှိနှိုင်းဆောင်ရွက်မှု၏ ပြိုင်ဘက်ကင်းသော သာဓက နှင့် လက်နက်ကိုင်တော်

လုန် ရေးလှုပ်ရှားမှု၏ အင်အားများကို ပြသခဲ့ခြင်းဖြစ်ပါသည်။

ရက်စက်ကြမ်းကြုတ်သော လက်တုံ့ပြန်ခြင်းအနေဖြင့် စစ်အာဏာရှင်က ပြင်းပြင်းထန်ထန် ရက်စက်ကြမ်းကြုတ်စွာ ပြန်လည်တုံ့ပြန်လျက်ရှိပါသည်။

စစ်အာဏာရှင်၏ စစ်ရာဇဝတ်မှုများတွင် မြောက်များစွာသော အထောက်အထားများ ရှိနေသော်လည်း စစ်အာဏာရှင်သည် တာဝန်ယူမှု တာဝန်ခံမှုမှ လွတ်မြောက်စေရန်အတွက် အကာအကွယ် ယူနေဆဲဖြစ်သည်။ စစ်အာဏာရှင်တပ်သည် မြန်မာပြည် နယ်နိမိတ်အတွင်း အဓိကနေထိုင်ကြတဲ့ တိုင်းရင်းသားတွေအပေါ် အနှစ် ၇၀ ထက်မနည်း အကြမ်းဖက်မှုတွေ ကျူးလွန်ခဲ့ကြပါသည်။

တရုတ်၊ ရုရှားနှင့် အိန္ဒိယတို့လို နိုင်ငံများမှ ပံ့ပိုးပေးသော လက်နက်များနှင့်အတူ အဆင့်မြင့် ထောက်လှမ်းရေးနည်းပညာများကိုသုံး၍ စစ်တပ်က အရပ်သားများကို တစိုက်မတ်မတ် ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိပါသည်။ စစ်တပ်သည် သန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် အတုအယောင် ရွေးကောက်ပွဲပြုလုပ်ပေးခြင်းကဲ့သို့သော ဗျူရိုကရေစီ နည်းလမ်းများမှတစ်ဆင့် လူထုကို ကြောက်ရွံ့စေသော နည်းပရိယာယ်များကို အသုံးပြုလျက် ရှိသည်။

အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ (EHOs) နှင့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ (EROs) များသည် အတူတကွ ပူးပေါင်း လုပ်ဆောင်ခြင်း၊ အရင်းအမြစ်များနှင့် သတင်းအချက်အလက်များကို မျှဝေခြင်းအားဖြင့် အရေးကြီးသော ကွာဟချက်များကို ဖြည့်ဆည်းပေးကြပါသည်။ ထို့အပြင် ၎င်းအဖွဲ့အစည်းများသည် ကုလသမဂ္ဂအေဂျင်စီများ အပါအဝင် ထောက်ပံ့သူအလှူရှင်များနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများ ကိုလည်း အရေးပေါ်လုပ်ဆောင်ချက်များနှင့် ကူညီပံ့ပိုးပေးမှုများ ပေးရန်လည်း လိုအပ်ကြောင်း ပူးတွဲတောင်းဆိုနေကြသည်။

ဒေသတွင်းပူးပေါင်း ဆောင်ရွက် ကြိုးပမ်းမှုများသည် နိုင်ငံတစ်ဝှမ်းရှိ အပြစ်မဲ့အရပ်သားများကို စစ်အာဏာရှင်က သတ်ရန်အသုံးပြုနေသော လက်နက်ရောင်းချမှုများကို ချက်ချင်းရပ်တန့်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ လက်နက်ကုန်သွယ်ရောင်းချမှုပိတ်ဆို့ရေးများ အပါအဝင် အချိန်ကြာမြင့်စွာ တောင်းဆိုခဲ့ပြီး ဖြစ်သောအချက်များကိုလည်း အရှိန်မြှင့်တောင်းဆိုရန် အတွက် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ခဲ့သည်။

ထို့ထက်ပို၍ ပြောရလျှင် လက်နက်အသုံးပြုမှုများသည် ကြောက်ရွံ့မှု၊ ထိတ်လန့်ရန် လှုံ့ဆော်မှုနှင့် မတည်မငြိမ်ဖြစ်စေရန် တမင်တကာ အသုံးပြုနေခြင်း သာဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းများ အနေဖြင့် လေယာဉ်ဆီတင်သွင်းမှုများအပေါ် ပစ်မှတ်ထားသော အရေးယူပိတ်ဆို့မှုများကို အကောင်အထည်ဖော်ရန် အတွက် အလွန်အရေးကြီးပါသည်။

# ကချင်ပြည်နယ်

ကချင်ပြည်နယ်အတွင်း စစ်အာဏာရှင်က လေကြောင်းဖြင့်တိုက်ခိုက်မှုသည် မြောက်ပိုင်းဒေသတစ်ဝှမ်းရှိ ပြည်သူလူထုများကို များစွာသော ပြောင်းရွှေ့နေထိုင်မှုများကိုဖြစ်ပွားစေခဲ့ပါသည်။ အောက်ဖော်ပြပါ ဖြစ်စဉ်များသည် အပြောင်းအရွှေ့ခံရမှုအများဆုံးဖြစ်သော အမျိုးသမီးများနှင့် ကလေးများကို ပစ်မှတ်ထား၍ ဖြစ်ပွားခဲ့သော အမှုများဖြစ်သည်။

သုံးရက်အတွင်း တပ်မတော်က ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် အသေအပျောက်များသော လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ နိုဝင်ဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁၇ ရက်အထိ ဗုံးကြဲတိုက်ခိုက်မှုများကြောင့် လူ ၁၂ ဦး သေဆုံးခဲ့သည်။ သေဆုံးသူများထဲတွင် ကလေး ၈ ဦး ပါဝင်သည်။ နိုဝင်ဘာ ၁၅ ရက်တွင် မိုးမောက်မြို့နယ် ကုန်းလောကျေးရွာတွင် ဒေသခံ ဘတ်တစ် ခရစ်ယာန် ဘုရားကျောင်းဝင်းအတွင်း တိုက်ခိုက်ခံရသောအချိန်မှစတင်၍ လေကြောင်းတိုက်ခိုက်မှု စတင်ခဲ့ခြင်း ဖြစ်သည်။ စစ်ရှောင်ပြည်သူများသည် မိုးမောက်မြို့နယ်၊ ခူးလီကျေးရွာမှဖြစ်ကာ ကုန်းလောကျေးရွာရှိ ဘုရားကျောင်းဝင်းတွင်စစ်ရှောင်နေခြင်းဖြစ်ပြီး စစ်ကောင်စီက လေယဉ်ဖြင့် ဗုံး (၂) လုံးကြဲချခဲ့ခြင်း ဖြစ်သည်။



*နိုဝင်ဘာလ ၁၅ ရက်၊ ကချင်ပြည်နယ် မိုးမောက်မြို့နယ်၊ ကုန်းလောကျေးရွာတွင် လေကြောင်းတိုက်ခိုက်ခံရမှု။ ဓါတ်ပုံ – ကချင်အမျိုးသမီးအဖွဲ့အစည်း (ထိုင်းနိုင်ငံ)*

သေဆုံးသူများထဲတွင် အသက် (၃၆) နှစ်အရွယ် အမျိုးသား (၁) ဦးနှင့် အမျိုးသမီး (၁) ဦးတို့ အပြင် အသက် (၄) နှစ်မှ (၁၃) နှစ်ကြား ယောကျ်ားလေး (၄) ဦးနှင့် မိန်းကလေး (၃) ဦးတို့ ပါဝင်သည်။ ထိခိုက်ဒဏ်ရာရရှိသူများထဲတွင် အသက် (၅၀) အရွယ် အမျိုးသား (၁) ဦး၊ အသက် (၅၀) ကျော် အမျိုးသမီး (၂) ဦး၊ အသက် (၂၇) နှစ်အရွယ် အမျိုးသမီး (၁) ဦး၊ အသက် (၇) နှစ်မှ (၁၄) နှစ်ကြား ယောကျ်ားလေး (၅) ဦးနှင့်

အသက် (၂) နှစ်နှင့် (၁၈) နှစ်ကြား မိန်းကလေး (၂) ဦးတို့ဖြစ်ကြပါသည်။ ထိခိုက်ဒဏ်ရာရရှိသူများသည် လိုင်ဇာ ပြည်သူ့ ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူလျက်ရှိပါသည်။




*နိုဝင်ဘာလ ၁၅ ရက်၊ ကချင်ပြည်နယ် မိုးမောက်မြို့နယ်၊ ကုန်းလောကျေးရွာတွင် လေကြောင်းတိုက်ခိုက်ခံရမှု။ ဓါတ်ပုံ – ကချင်အမျိုးသမီးအဖွဲ့အစည်း (ထိုင်းနိုင်ငံ)*

နိုဝင်ဘာ ၁၇ ရက်က ကွတ်ခိုင်မြို့တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် နေအိမ်အများအပြား ပျက်စီးခဲ့သည်။ မိခင်တစ်ဦးနှင့်နို့စို့အရွယ် ကလေးငယ်တစ်ဦး သေဆုံးပြီး အခြား (၁၃) ဦး ဒဏ်ရာ ရရှိခဲ့ပါသည်။

ဒေသခံ ပြည်သူများပြောကြားချက်များအရ စစ်အာဏာရှင်၏ လေယဉ်သည် ဗန်းမော်နှင့် မိုးမောက်ဘက်သို့ ပုံမှန်သွားလာ နေသည့် လေယာဉ်ဖြစ်ကြောင်းလည်းသိရသည်။ အခင်းဖြစ်ပွားရာ နေရာတစ်ဝိုက်တွင် မည်သည့်တပ်ဖွဲ့မှ ရှိမနေခဲ့ဘဲ အဆိုပါ ဗုံးကြဲတိုက်ခိုက်မှုသည် ပြည်သူများ ကို ရည်ရွယ်ချက် ရှိရှိဖြင့် လာရောက် တိုက်ခိုက်ခြင်းခံခဲ့ရကြောင်းသိရသည်။

နိုဝင်ဘာလ ၂၄ ရက်နေ့တွင် စစ်အာဏာရှင်တပ် နမ့်ဝနှင့် မုချွန်ကျေးရွာများကို ဗုံး ၇ လုံးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ကို လေကြောင်းမှ ထပ်မံတိုက်ခိုက်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုမှာ မွန်းလွဲပိုင်းတွင် ဖြစ်ပွားခဲ့ပြီး လူတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၃ လုံး ပျက်စီးခဲ့သည်။ နယ်မြေတွင်း တိုက်ပွဲများ မရှိသော်လည်း အရပ်သားကျေးရွာများကို လေကြောင်းဖြင့် မဆင်မခြင်တိုက်ခိုက်မှုများ ပိုမိုပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် ရွာသူရွာသား အများအပြား နေရပ်စွန့်ခွာ ထွက်ပြေးကြရသည်။

နိုဝင်ဘာ ၂၆ ရက်နေ့တွင် ဝိုင်းမော်မြို့ ဝါးရှောင်ကျေးရွာတွင် စစ်ကောင်စီက လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သောကြောင့် ရုံးအဆောက်အအုံ(၁)လုံး ကို ပျက်ဆီးခဲ့သည်။ အဆိုပါဖြစ်ရပ်များကို ND–Burma ၏အဖွဲ့ဝင် အဖွဲ့ဖြစ်သော ကချင် အမျိုးသမီးများ အစည်းအရုံး ထိုင်းနိုင်ငံ (KWAT) မှ ၎င်းတို့၏ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ် များမှ အတည်ပြုပေးခဲ့သည်။ ကချင်အရပ်ဘက် အဖွဲ့အစည်းများက အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်နေခြင်းများကို အဆုံးသတ်ရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သည်။

# ရှမ်းပြည်နယ် နှင့် ကရင်နီ ပြည်နယ်

နိုဝင်ဘာလ တလျှောက်လုံးတွင် စစ်ကောင်စီက ရှမ်းပြည်နယ်နှင့် ရှမ်း–ကရင်နီနယ်စပ်တလျှောက်ရှိ ပြည်သူများ အပေါ် တိုက်ခိုက်မှုများ တိုးမြင့်လာသည်ကို သတိပြုမိပြီး ND-Burma က သေချာစွာ စောင့်ကြည့်ခဲ့ ပါသည်။ ကရင်နီပြည်နယ် နယ်စပ်အနီး၊ မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်း၊ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်တွင် လေကြောင်း တိုက်ခိုက်မှု အများအပြား ဖြစ်ပွားခဲ့ပါသည်။

အဆိုပါ တိုက်ခိုက်မှု အများအပြားသည် တိုက်ပွဲဖြစ်ပွားခြင်းမျိုးများ မရှိဘဲ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆက်မပြတ်သော လေကြောင်းတိုက်ခိုက်မှုများနှင့် အခြားသော ကျူးလွန်မှုများကို ကာကွယ်ရန် လက်နက်များ သို့မဟုတ် ကာကွယ်မှုရရှိနိုင်သော နည်းလမ်းများမရှိခြင်းကြောင့် အရပ်သားပြည်သူများသည် လေကြောင်းတိုက်ခိုက်မှု ရန်များကြောင့် ထပ်ခါတလဲလဲ ထိတ်လန့်ကြောက်ရွံ့မှုများကို ခံစားခဲ့ကြရပါသည်။

ND– Burma အဖွဲ့ဝင်ဖြစ်သော ပအိုဝ်လူငယ်အစည်းအရုံး (PYO) ၏ အစီရင်ခံစာအရ ပင်လောင်းမြို့နယ်အပါအဝင် ရှမ်းပြည်နယ်တောင်ပိုင်းတွင် နိုဝင်ဘာလ ၂ရက်နေ့တွင် လည်းကောင်း၊ ဆီဆိုင်မြို့နယ်တွင်လည်း နိုဝင်ဘာလစရက်နှင့်၂၀ ရက်နေ့တို့တွင်လည်းကောင်း လေကြောင်း တိုက်ခိုက်မှု များစွာ ခံခဲ့ရကြောင်း တင်ပြထားခဲ့ပါသည်။ ထိုတိုက်ခိုက်မှုများအတွင် ယခုလတ်တလော တင်ပြချိန်အထိ ထိခိုက်သေဆုံးမှု များမရှိသေးကြောင်းလည်းဖော်ပြထားခဲ့ပါသည်။

ND– Burma အဖွဲ့ဝင်ဖြစ်သော တအောင်းအမျိုးသမီးအဖွဲ့အစည်း မှလည်း ရှမ်းပြည်နယ်တောင်ပိုင်းရှိ လေကြောင်းတိုက်ခိုက်မှုများကိုတင်ပြခဲ့ရာ နိုဝင်ဘာလ ၁ရက်နေ့တွင် ကွတ်ခိုင် မြို့လေကြောင်း တိုက်ခိုက်မှုအတွင်း လူတစ်ဦးနှင့် ရုံးအဆောက်အအုံ၃ခုပျက်စီးခဲ့ကြောင်းတင်ပြ ထားခဲ့ပါသည်။ တအောင်းအမျိုးသမီးအဖွဲ့အစည်း ၏ထပ်မံအတည်ပြုရာ နောင်ချိုမြို့နယ် ဆမ္မဆယ် ကျေးရွာတွင်လည်း တစ်နေ့တွင်းမှာပင် ဒုတိယ တိုက်ခိုက် မှုဖြစ်ပွားခဲ့ပြီး ၎င်းတိုက်ခိုက်မှုအတွင်း အရပ်သားပြည်သူ (၄) ဦးသေဆုံး (၈) ဦးဒဏ်ရာရရှိခဲ့ပြီး အရပ်သားနေအိမ်အများအပြားပျက်စီးဆုံးရှုံးခဲ့ရပါသည်။



*ရှမ်းပြည်နယ်တောင်ပိုင်း၊ ကွက်ခိုင်မြို့နယ် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁ လေကြောင်းတိုက်ခိုက်မှုကြော အဆောက်အအုံပျက်စီးသွားပုံ။ ဓါတ်ပုံ – တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့*

ထိုအရပ်နေ ဒေသခံတစ်ဦးမှ တအောင်းအမျိုးသမီးအဖွဲ့အစည်းသို့ပြောပြရာတွင်–

*“ဗုံးကစက်ရုံဝင်းထဲကျရောက်ပေါက်ကွဲခဲ့ရာ စက်ရုံလုပ်သား၂ဦးနှင့် လုံခြုံရေးဝန်ထမ်း၂ ဦးတို့သေဆုံးခဲ့သည့်အပြင် အခြားထိခိုက်ပျက်စီးမှုများလည်းရှိခဲ့ပါသည်။ ထိုနေ့ မနက် ၆နာရီမှ ၇နာရီဝန်းကျင်မှ စတင်ကာ တောင်ခမ်းဘက်မှ သေနတ်ပစ်ခတ်သံများဆက်တိုက်ကြားနေခဲ့ရပြီး မနေ့က တစ်နေ့လုံးလည်း ဥမ္မတီးကျေးရွာဖက်မှ လက်နက်သံများဆက်တိုက်ကြားနေခဲ့ရပါတယ်။”*

ဟုပြောပြခဲ့ပါသည်။



*ရှမ်းပြည်နယ်တောင်ပိုင်း၊ ကွက်ခိုင်မြို့နယ် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁ လေကြောင်းတိုက်ခိုက်မှုကြောင့် အဆောက်အအုံပျက်စီးသွားပုံ။ ဓါတ်ပုံ – တအောင်းကျောင်းသားနှင့်လူငယ်များအဖွဲ့*

အောက်တိုဘာလ ၃၀ ရက်နေ့တွင်လည်း မြန်မာစစ်သားများထိန်းသိမ်းထားသည့် ဟိုကိုကျေးရွာဖက်ကို စစ်တပ်မှ လေကြောင်းဖြင့် ဆက်တိုက်တိုက်ခိုက်နေခဲ့ပြီး ထိုလေကြောင်းတိုက်ခိုက်မှုအတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရသည့် စစ်သား၁၆ဦးသေဆုံးကာ လူ၆၀ ဦးဒဏ်ရာရရှိခဲ့ပါသည်။

တအောင်းအမျိုးသမီးအဖွဲ့အစည်းမှ ထပ်မံပေးပို့ချက်များအရ လေကြောင်းတိုက်ခိုက်မှုများမှာ တစ်လအတွင်းအကြိမ်ကြိမ်ကြုံတွေ့ခဲ့ရပြီး နိုဝင်ဘာလ ၄ ရက်နေ့တွင်လည်းရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့နယ်အတွင်းရှိ တအောင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်ထိန်းချုပ်ထားသည့် နယ်မြေအတွင်းသို့ လေကြောင်းမှ ဆက်တိုက်ဗုံးကြဲနေခဲ့ပါသည်။ ထို့နေ့အတွင်းမှာပင် နောင်ချိုမြို့လယ် ဘူတာရုံရပ်ကွက်ကိုလည်း တိုက်ခိုက်ခဲ့ပါသည်။ ၎င်းတိုက်ခိုက်မှုအတွင်း လူအသေအပျောက်မ ရှိခဲ့သော်လည်း နေအိမ် (၇) လုံးထိခိုက်ပျက်စီးခဲ့ပါသည်။

စစ်ကောင်စီပစ်မှတ်ထားရာနေရာများမှာ တိုက်ပွဲဖြစ်ပွားမှု မရှိနေသော အရပ်သားနေထိုင်ရာ နေရာများဖြစ် ကြပြီး နိုဝင်ဘာလ ၁၂ ရက်နေ့ နေ့လည် ၂ နာရီတိုက်ခိုက်မှုမှာလည်း နောင်ချိုမြို့မဈေးတွင် ဖွင့်လှစ်

ထားသော လန်းဆန်းလက်ဖက်ရည်ဆိုင်ကိုလေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပါသည်။ ထိုတိုက်ခိုက်မှုအတွင်း ခရီးသွားဧည့်သည် (၁၁) သေဆုံးခဲ့ရပြီး (၁၁) ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။



*ရှမ်းပြည်နယ်မြောက်ပိုင်း ၊ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို စစ်အစိုးရက လေကြောင်းမှ ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ပြတင်းပေါက်များ ကွဲအက်ကာ အဆောက်အဦ အပိုင်းအစများ ပြိုကျခဲ့သည်။ ဓါတ်ပုံ – တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့*



မျက်မြင်ဒေသခံတစ်ယောက်၏ပြောပြချက်များအရ– လန်းဆန်းလက်ဖက်ရည်ဆိုင်ဗုံးကြဲတိုက်ခိုက်မှုမှာ ခရီးသည်များနှင့် ကားမောင်းသူအများအပြားထိခိုက်ခဲ့ရသည်ဟု ပြောပြခဲ့ပါသည်။

နိုဝင်ဘာလ ၁၃ရက်နေ့ နောင်ချိုမြို့နယ်အတွင်းတိုက်ခိုက်ခဲ့သောလေကြောင်းတိုက်ခိုက်မှုတွင်လည်း လူ (၄) ဦးထိခိုက်ခံခဲ့ရပြီး နေအိမ် ၃လုံး၊ တရားရုံးနှင့် မော်တော်ယာဉ်အပါအဝင် ပစ္စည်းအများအပြား ပျက်စီးဆုံးရှုံးခဲ့ရကြောင်း တအောင်းအမျိုးသမီးအဖွဲ့အစည်းမှ အတည်ပြုနိုင်ခဲ့ပါသည်။ နိုဝင်ဘာလ ၁၆ ညနေ ပိုင်းအချိန် နောင်ချိုမြို့နယ် လုံစံကျေးရွာ လေကြောင်းတိုက်ခိုက်မှုတွင်လည်း ကလေးငယ်တစ်ဦး သေဆုံးပြီး အခြား (၃) ဦး ဒဏ်ရာရရှိခဲ့ရပါသည်။



၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လေကြောင်းတိုက်ခိုက်မှုတစ်ခုအတွင်း သေဆုံးသွားသည့် သေဆုံးသူတစ်ဦး၏ ရုပ်အလောင်းကို အရပ်သားများနှင့် သယ်ယူထုတ်ပိုးနေပုံ။ ဓါတ်ပုံ–*ဓါတ်ပုံ – တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့*



စစ်အစိုးရက လက်ဖက်ရည်ဆိုင်ကို လေကြောင်းမှ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပြတင်းပေါက်များ ကွဲအက်ကာ အဆောက်အဦ ပျက်စီးအပိုင်းအစများ၊ ဓါတ်ပုံ–*ဓါတ်ပုံ – တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့*

ထိုရက်ပိုင်းအတွင်း စစ်ကောင်းစီ၏ လေကြောင်းတိုက်ခိုက်မှုများရှိခဲ့ပြီး၊ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ နောင်ချိုမြို့နယ်သို့ ဆက်တိုက်ဆိုသလိုတိုက် ခိုက်နေခဲ့ရာ ထိုလေကြောင်းတိုက်ခိုက်မှုများအတွင်း အရပ်သားပြည်သူ ၂ ဦးသေဆုံးကာ ၅ ဦးဒါဏ်ရာရရှိခဲ့ပါသည်။ တိုက်ခိုက်မှုများသည် ညနေ ၃ နာရီတွင်

ဖြစ်ပွားခဲ့ပြီး သန်းခေါင်ရုံအချိန်တွင်လည်း ကံကြီးကျေးရွာနှင့်ကုန်းကြီးကျေးရွာများသို့ ပစ်မှတ်ထား တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါသည်။

တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၏ ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ နိုဝင်ဘာလ ၁ ရက်နေ့ မှ ၂၀ ရက်နေ့အထိ နောင်ချိုမြို့နယ်တွင် နေ့စဉ် လေကြောင်းတိုက်ခိုက်မှု များကြောင့် အရပ်သား (၇) ဦးအသက်သေဆုံးခဲ့ရပြီး (၂၆) ဦး ထိခိုက်ဒါဏ်ရာရရှိခဲ့ကာ နေအိမ်အများအပြားလည်းပျက်စီးခဲ့ကြောင်း ဖော်ပြထားခဲ့ပါသည်။

ကရင်နီပြည်နယ် ဖားဆောင်းမြို့နယ်အတွင်း နေရာ ၄ ခုသို့ ၁၀ ကြိမ်တိုင်လေယာဉ်ဗုံးကြဲ တိုက်ခိုက်မှုအတွင်း လူ (၂) ဦးသေဆုံးခဲ့ပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ နောက်၂ ပတ်အတွင်း စစ်ကောင် စီတပ်မှ ဖယ်ခုံမြို့နယ်အတွင်းရှိ ဘန်ကောက် စစ်ရှောင်စခန်းသို့ ပစ်မှတ်ထားတိုက် ခိုက်ခဲ့ပါသည်။ စက်တင်ဘာလမှ စတင်ခဲ့သည့် ထိုတိုက်ခိုက်မှုတွင် ဒုတိယအကြိမ်တိုက်ခိုက်မှုအတွင်း အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး ၂ ဦး ထိခိုက်ဒဏ်ရာရရှိကာ အနီးအနားဝန်းကျင်ရှိ အခြေခံအဆောက်အအုံများ ဖြစ်သည့် လူနေအိမ် ၁၀လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ စပါကျီးတစ်လုံးနှင့် ကားတစ်စီး ထိခိုက်ပျက်စီးခဲ့ပါသည်။

နိုဝင်ဘာလတွင် ဖယ်ခုံမြို့နယ်အတွင်းလေကြောင်းတိုက်ခိုက်ခံရမှုကြောင့် အမျိုးသမီး (၂) ဦးနှင့် အမျိုးသား (၁) ဦးသေဆုံးခဲ့ကာ (၅) ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ၎င်းဖြစ်ရပ်များသည် အာဏာသိမ်းစစ်တပ်၏ အရပ်သားပြည်သူများ နှင့် ပြည်သူပိုင်ပစ္စည်းများအပေါ် ရည်ရွယ်ချက် ရှိရှိ ဥပဒေမဲ့ တိုက်ခိုက်မှု သက်သေများပင်ဖြစ်ပါသည်။ လွိုင်ကော်မြို့သည်လည်း အလားတူ အကြိမ်ကြိမ်ပစ်မှတ်ထား တိုက်ခိုက်မှုများခံခဲ့ရပါသည်။

နိုဝင်ဘာလ ၁၅ရက်နေ့တွင်လည်း မိုးဗြဲမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာသို့ လေကြောင်းဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခဲ့ရာ နေအိမ် ၃ လုံးပျက်စီးဆုံးရှုံးခဲ့ရပါသည်။ နိုဝင်ဘာ ၁၇ ရက်နေ့နှင့် ၁၈ရက်နေ့များတွင်လည်း စစ်ကောင်စီမှ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများသို့ လေကြောင်းဖြင့် ပစ်မှတ်ထားတိုက်ခိုက်မှုများ ဆက်လက်၍ပြုလုပ်ခဲ့ပါသည်။

ထိုလ ၁၇ ရက်နေ့၌ ကွတ်ခိုင်မြို့နယ်တွင် လေကြောင်းဗုံးကြဲတိုက်ခိုက်မှုအတွင်း ကလေးငယ်တစ်ဦးနှင့် လူကြီးတစ်ဦး သေဆုံးခဲ့ပြီး နောက်ဆက်တွဲအနေဖြင့် ကလေးငယ် (၁၃) ဦးထိခိုက်ခဲ့ကာ နေအိမ်များလည်း ထိခိုက်ပျက်စီးခဲ့ပါသည်။ ထိုနေ့တစ်နေ့ထဲတွင်ပင် ကျောက်မဲမြို့နယ် မိုင်းမောမြို့သို့ ပစ်မှတ်ထား လေကြောင်း တိုက်ခိုက်ခဲ့မှုတွင်လည်း လူ (၅) ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်(၁၅) လုံးပြိုကျ ပျက်စီးခဲ့ရပါသည်။ ထိုလ ၁၈ရက်နေ့တွင် ကွတ်ခိုင်မြို့သို့လေကြောင်းဖြင့် ထပ်မံတိုက်ခိုက်ခဲ့ရာ ကလေးငယ် (၁) ဦးနှင့် လူကြီး (၂) ဦး သေဆုံးခဲ့ပြီး ၊ ကလေးငယ် (၁၀) ဦးနှင့် လူကြီး(၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထိုပေါက်ကွဲမှုများကြောင့် နေအိမ်အများအပြားလည်း ထိခိုက်ပျက်စီးခဲ့ရပါသည်။



ရှမ်းပြည်နယ်၊ ကျောက်မဲမြို့၊ မိုင်းနောင်မြို့နယ်၊
နိုဝင်ဘာ ၁၈၊ ၂၀၂၄ ခုနှစ်။ မြန်မာစစ်တပ်၏ လေကြောင်း
တိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။
ဓါတ်ပုံ- တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့



ရှမ်းပြည်နယ်၊ ကျောက်မဲမြို့၊ မိုင်းနောင်မြို့နယ်၊
နိုဝင်ဘာ ၁၈၊ ၂၀၂၄ ခုနှစ်။ မြန်မာစစ်တပ်၏ လေကြောင်း
တိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။
ဓါတ်ပုံ- တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့



# နိဂုံးချုပ်

ယခုအကျဉ်းချုပ် စာတမ်း ၏အနှစ်ချုပ်အနေဖြင့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ မီဒီယာများ၏ ဖော်ပြချက်များ အရ လေကြောင်းတိုက်ခိုက်မှု အဖြစ်အပျက်များသည် အပြစ်မဲ့ အရပ်သားပြည်သူများအပေါ် ရေရှည်နှင့် ကြီးမားစွာထိခိုက်နေပြီး အရပ်သားပြည်သူများမှာ ထိခိုက်မှုအများဆုံးခံကြရသူများ ဖြစ်ကြောင်း သိသာမှတ်သားနိုင်ပါသည်။

အရပ်သားပြည်သူများအနေဖြင့် ၎င်းတို့၏ ရှင်သန်မှုတွင် အသက်ဘေးခြိမ်းခြောက်မှုများခံစားရ လျှက် မရေရာသောအနာဂတ်အတွင်းကျီးလန့်စာစားနေထိုင်နေကြရပါသည်။ စစ်ကောင်စီပြုလုပ်နေသော တွန့်ဆုတ်မှု မရှိသော လေကြောင်းတိုက်ခိုက်မှုကြီးများကြောင့် နိုင်ငံအနှံ့ ပဋိပက္ခများနှင့် ပျက်စီးဆုံးရှုံးမှု များ ဖြစ်ပွားကာ လုံခြုံစွာပညာသင်ကြားမှုများ လက်လှမ်းမှီနိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်ခွင့်နှင့် အလုပ် လုပ်ကိုင်ခွင့်များ ကြီးမားစွာ ထိခိုက်နေရပါသည်။

ဒေသခံပြည်သူများအနေဖြင့် ရဲဝံ့စွာ ကြံ့ကြံ့ခံရင်ဆိုင်နေကြစဲဖြစ်ပါသည်။ မကြာခင်အချိန်အတွင်းက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) ၏ ရှေ့နေချုပ်မှ မြန်မာ့စစ်ခေါင်းဆောင်က ရိုဟင်ဂျာလူ နည်းစုများ အပေါ် ကျူးလွန်သော ၂၀၁၇ အတွင်းတိုက်ခိုက်ခဲ့သော ပြစ်မှုများအတွက် ဖမ်းဝရမ်းထုတ်ပေးရန် တောင်းဆို မှုမှာ အထင်ကရတိုးတက်မှုဖြစ်ပါသည်။ ၎င်း၏တင်ပြတောင်းဆိုမှုတွင် ရှေ့နေချုပ်သည် အာဏာသိမ်းစစ် ခေါင်းဆောင် မင်းအောင်လှိုင်အနေဖြင့် ရိုဟင်ဂျာများအား မြန်မာနိုင်ငံအတွင်းတွင်လည်းကောင်း၊ ဘင်္ဂလား ဒေ့ရှ်ဖက်ခြမ်းတွင်လည်းကောင်း ကျူးလွန်ခဲ့သည့် နိုင်ငံအတွင်းမှနှင်ထုတ်ခြင်း နှင့် နှိပ်စက်မှုများပြုလုပ်ခဲ့ရာ ၎င်းကျူးလွန်သည့် လူသားမျိုးနွယ် အပေါ်ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် တာဝန်ရှိကြောင်းဖော်ပြ ထားခဲ့ပါသည်။

၎င်း၏ကြိုးပမ်းမှုမှာ ကုလသမဂ္ဂလုံခြုံရေးကောင်းစီထံဆက်လက်ရောက်ရှိပြီး နိုင်ငံတကာ လက်နက် ကုန်သွယ်ရောင်းချမှု ပိတ်ဆို့ရေးများ နှင့် စစ်ကောင်စီလည်း အရပ်သားများအပေါ် လေကြောင်းမှအကြမ်းဖက် တိုက်ခိုက်ရာတွင် သုံးနေသော လေယဉ်ဆီလက်လွှဲသိုလှောင် ထောက်ပံ့နေမှုများကိုပြစ်မှတ်ထား တားမြစ်စေ ရေးထိ ရောက်ရှိနိုင်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာ့အရေးနှင့်ပတ်သက်၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် ၂၆၆၉ (၂၀၂၂) အရ အကြမ်းဖက်မှုများကိုချက်ချင်းရပ်တန့်ရန် တောင်းဆိုချက် သည် ထောက်ခံမဲ ၁၂ မဲ၊ တရုတ်၊အိန္ဒိယနှင့် ရုရှားတို့မှ မဲမပေးခဲ့ဘဲ အောင်မြင်စွာချမှတ်နိုင်ခဲ့ပါသည်။ ၎င်း

ဆုံးဖြတ် ချက်တွင် တရားဥပဒေစိုးမိုးရေးအတွက်လိုအပ်သည်များကို ထိန်းသိမ်းရေး၊ လူ့အခွင့်အရေး လေးစားလိုက်နာစေရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လိုအပ်သည့် ကာကွယ်မှုများပေးရေးနှင့် တာဝန်ယူမှု တာဝန် ခံမှုရှိစေရန်တို့ ပါဝင်နေပါသည်။

လူမှုအရပ်ဖက်အဖွဲ့အစည်းများမှလည်း စစ်အာဏာရှင်အတွက် လေယဉ်ဆီအပါအဝင်လက်နက်ထောက်ပံ့ခြင်းများအား တာမြစ်ရန် တာဝန်ရှိအဖွဲ့အစည်းများအား အကြိမ်ကြိမ် တောင်းဆိုမှုများ ပြုလျှက်ရှိပါ သည်။

သို့ရာတွင် တရုတ်၊ ရုရှားနှင့် အိန္ဒိယအပါအဝင် နိုင်ငံအများအပြားမှာပဋိပက္ခခံစားနေရသူများနှင့် စစ်ရှောင်ပြည်သူများအနေဖြင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်းများနှင့် ဥပဒေအကူအညီများ လက်လှမ်းမှီ၍ နိုင်ငံရေးခိုလှုံခွင့်တောင်းခံနိုင်ခွင့်များကို ငြင်းဆန်းခြင်းဖြင့် စစ်ကောင်စီ၏တိုက်ခိုက်မှုများကို အားပေးထောက်ပံ့ပေးလျှက်ရှိသည်။ အာဆီယံအတွင်းရှိ အိမ်နီးနားချင်းနိုင်ငံများဖြစ်သည့် ထိုင်းနှင့် ကမ္ဘောဒီယားနိုင်ငံများမှလည်း ကြားဝင်မစွက်ဖက်ရေး ဟုဆိုကာ စစ်အာဏာရှင်တို့အကြမ်းဖက်မှုများကို ပြစ်ဒဏ်ကင်း လွတ်စေရန် အားပေးကူညီလျှက် ရှိ နေပါသည်။

တရားမျှတမှုရှိစေရန်အတွက် ဆက်လက်လုပ်ဆောင်ရန်များစွာလိုနေသေးသော်လည်း ကမ္ဘာရာဇဝတ်တရားရုံးမှ ဖမ်းဝရမ်းထုတ်ဆင့်ရန်တင်ပြလျှောက်ထားမှုမှာ စစ်ဗိုလ်ချုပ်အနေခြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအထက်တွင်ရှိမနေကြောင်းထင်ရှားသည့် လက္ခဏာတစ်ရပ်ပင်ဖြစ်သည်။ မင်းအောင်လှိုင် သည်လည်း ရိုဟင်ဂျာများအပေါ် လူမျိုးသုန်းသတ်ဖြတ်မှုအတွက် တိုက်ရိုက်တာဝန်ရှိနေမည်ဖြစ်သည်။ ယနေ့ခေတ် အာဏာသိမ်း စစ်ခေါင်းဆောင်တစ်ယောက်အနေဖြင့် အရပ်သားပြည်သူများ၏ အခြေခံ လူအခွင့်အရေးများကို ငြင်းဆန်၊ ငြင်းကွယ်နေပြီး အထူးသဖြင့် တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများ ၏ အခွင့်အရေးများကို ဖယ်ထုတ်ငြင်းဆန်နေဆဲပင်ဖြစ်သည်။

ထိုကြောင့်ကျွန်ုပ်တို့အနေဖြင့် စစ်အာဏာရှင်က မြန်မာနိုင်ငံရှိ ပြည်သူများအပေါ်ပစ်မှတ်ထားတိုက်ခိုက်မှုများချက်ချင်းရပ်တံ့စေရန်အတွက် နိုင်ငံတကာမှ သံတမန်ရေး၊ နိုင်ငံရေးနှင့် စီးပွားရေး ဖိအားများအား ဆက်ရန်တောင်းဆိုအပ်ပါသည်။

# အကြံပေးမှတ်ချက်များ

**အပြည်ပြည်ဆိုင်ရာလူ့အဖွဲ့အစည်းသို့ –**

- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ မြန်မာနိုင်ငံ၏အခြေအနေကိုချက်ချင်းဆိုသလို တင်ပြပေးပို့ပေးခြင်းဖြင့်လည်းကောင်း၊ စစ်အာဏာရှင်ကျူးလွန်သည့် များပြားပြင်းထန်သည့် ပြစ်မှုများအတွင်း ထိခိုက်ခံစားခဲ့ရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအား တရားမျှတမှုရရှိရန် ဖြစ်နိုင်သမျှအပြည်ပြည်ဆိုင်ရာ တရားစွဲဆိုခွင့်အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် အရေးယူရန်၊
- စစ်တပ်မှ ယခုထက်တိုင်အသုံးပြုနေသော လေကြောင်းတိုက်ခိုက်မှုများ အတွက် လေယာဉ်ဆီဖြတ်တောက်ရေးကို ထိထိရောက်ရောက် ပြစ်ဒဏ်သတ်မှတ် စည်းကြပ်ရန်။
- မြန်မာနိုင်ငံ၏လက်တွေ့ ဖြစ်ပျက်နေသော ဆိုးရွားသောလူ့အခွင့်အရေးအခြေအနေများကို အသိမှတ်ပြုပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီမှချက်ချင်းဆုံးဖြတ်ချက်ချမှတ်ပေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာမှ ပဋိပက္ခဖြစ်ပွားနေသော နိုင်ငံများသို့ စစ်လက်နက်များလွယ်ကူစွာ တင်ပို့မှုများကိုရပ်ဆိုင်းတားမြစ်ရန်။
- မြေပြင်တွင်လုပ်ကိုင်နေသော အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ လူ့အခွင့်ရေး ကာကွယ်သူများအတွက် မှတ်တမ်းပြုစုခြင်းကို တိုးချဲ့လုပ်ဆောင်ရန်နှင့် စစ်တပ်မှကျူးလွန်နေသော ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် သက်သေမှတ်တမ်းများထားရှိရန်။
- ပဋိပက္ခ ဖြစ်ပွားရာ ဒေသများသို့ စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့များစေလွှတ်လျှက် မြန်မာ့ လူ့အခွင့်အရေးအခြေအနေကိုလေ့လာအကဲခတ်ရန်။

**ထောက်ပံ့သူ အလှူရှင်များသို့–**

- အကူအညီပေးနေသော အရပ်ဖက်လူမှုအဖွဲ့စည်းများ၊ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများ၊ လူ့အခွင့်အရေး ကာကွယ်နေသူများနှင့် ရှေ့တန်းတွင် တာဝန်ယူကူညီပေးနေသူများအား မိတ်ဖက်များအဖြစ် တန်းတူထားထောက်ပံ့ရန်နှင့် လူသားချင်းစာနာမှုအကူအညီများချက်ချင်း၊ ထိထိရောက်ရောက်နှင့်လုံခြုံစွာဖြင့် ပဋိပက္ခဘေးဒဏ်ခံစားနေရသော ဧရိယာများသို့ သေချာစွာရောက်ရှိစေရန်။
- ရေရှည်ထောက်ပံ့ပေးခြင်း၊ ပြုလွယ်ပြင်လွယ်သော ငွေကြေးထောက်ပံ့မှုများအား တိုင်းရင်းသား တို့၏ ကျန်းမာရေးဝန်ဆောင်မှုအပါအဝင် ထိခိုက်ဒဏ်ရာရသူများကို ကျန်းမာရေးစောင့်ရှောက်မှု၊ လူသားချင်းစာနာထောက်ထားမှု တုန့်ပြန်ဆောင်ရွက်နေသူများ( အထူးသဖြင့်– ပြည်တွင်းရွှေ့ပြောင်းနေထိုင်

သူများအား အရေးပေါ်အကူအညီများပေးအပ်နေသူများ)

- ❖ အသေးစိတ်ကျလွန်းသောငွေကြေးထောက်ပံမှုလျှောက်လွှာများလျော့ချရန်–အထူးသဖြင့်ဒေသခံအဖွဲ့များအနေဖြင့် ဘာသာစကားနှင့် အရည်အသွေးစွမ်းရည် ဘောင်ခတ် သတ်မှတ်ချက်များလွန်းနေသော အသေးစိတ်ကျလွန်းနေသော ငွေကြေးထောက်ပံ့ရေးဆိုင် ရာလျှောက်လွှာများကြောင့် လျှောက်ထားခွင့်မသာသောကိစ္စများလျော့ချရန်။ အင်္ဂလိပ်စာနှင့် ဒေသခံဘာသာစကားအသုံးပြု၍ခေတ်မှီသော ငွေကြေးလျှောက်လွှာများအသုံးပြုပေးရန်။
- ❖ အပြည်ပြည်ဆိုင်ရာစနစ်များနှင့်အညီ တာဝန်ယူမှုများဖြစ်ပေါ်လာစေရန်အတွက် စစ်တပ်၏ လူ့အခွင့်ရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် အချက်အလက် စုဆောင်းခြင်းများကို ထိရောက်စွာ ဆက်လက်လုပ်ကိုင်ရန်အတွက် လုံခြုံရေး ဆိုင်ရာရံပုံငွေထားရှိပေးရန်

## အမျိုးသားညီညွတ်ရေး အစိုးရသို့ –

- ❖ ဒေသခံများဦးဆောင်သော အကူအညီပေးရေးကိစ္စများကိုအသိအမှတ်ပြု ထောက်ပံ့ခြင်း ကိစ္စများအတွက် ဒေသခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝန်းများ ကို စည်းရုံးပြောဆိုရန်
- ❖ သံတမန်များနှင့် ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် စစ်ကောင်စီနှင့်၎င်းတို့၏ မိတ်ဖက်များအားလက်ရှိ ဆက်ဆံနေမှုများကိုအဆုံးသတ်ကာ၊ စစ်ကောင်စီ ပြိုလဲစေရန်အတွက် ၎င်းတို့အားအသိအမှတ်ပြု၊ လက်ခံနေမှုများ ရပ်တန့်စေရန်။
- ❖ မြန်မာနိုင်ငံ အတွင်းမှာ ရှိသော တိုင်းရင်းသားများအား ကူညီပံ့ပိုးပေးနေသူများ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ လူ့အခွင့်အရေး ကာကွယ် လှုပ်ရှားသူများနှင့်အတူ ရွှေ့ပြောင်းနေထိုင်သူများမှ လိုအပ်နေသော ထောက်ပံ့ရန်နယ်ပယ်များနှင့် တောင်းဆိုချက်များကို သဟာဇာတဖြစ်စေရန် ထိရောက်ပြီး တသမတ်တည်း ဖြစ်စွာ ပူးပေါင်းဆောင်ရွက်ရန်။



အဖွဲ့နောက်ခံအကြောင်း

လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် မြန်မာနိုင်ငံ (ND–Burma) သည် အဖွဲ့ပေါင်း ၁၃ ဖွဲ့ဖြင့် ဖွဲ့စည်းထားပြီး တိုင်းရင်းသားလူမျိုးစုများ၊ အမျိုးသမီးများနှင့် နိုင်ငံရေး အကျဉ်းသားဟောင်းများ ကိုယ်စားပြုပါဝင်ကြပါသည်။ ၂၀၀၄ ခုနှစ်မှစတင်ကာ လူ့အခွင့်ရေး ချိုးဖောက်မှုများ နှင့် ချိုးဖောက်ခံရ သူများ၏ တရားမျှတမှုနှင့် ချိုးဖောက်သူများ တာဝန်ယူ တာဝန်ခံမှုရှိစေရန် မှတ်တမ်းတင်လျှက်ရှိသည်။ ကွန်ရက်တွင် အမြဲတမ်းအဖွဲ့ဝင် (၉) ဖွဲ့နှင့် ဆက်စပ်အဖွဲ့ဝင် (၄) ဖွဲ့ တို့ဖြင့် ဖွဲ့စည်းထားသည်။